

# စကားလုံး "ရုပ်ရှင်"

ဆန်းကျော်စွာဝင်း

တတိယအကြိမ်

ကုသိုလ်ရှိသလောက် ချစ်ခွင့်ရချင်တယ်
အကုသိုလ်ကျန်သလောက် ရက်စက်ပါ . . .

သံသရာစက်ဝိုင်းကြီးထဲ
မင်းကိုပဲ ခလုတ်တိုက်ချင်တယ် . . .

# ကိုယ်တိုင်ရေးတဲ့ ကိုယ်ရေးကိုယ်တာ

ရေးကြီးခွင်ကျယ်တော့ မရှိပါဘူး။ စိတ်အရေပြားယားလို့ ကျနော် ကဗျာရေးတယ်။ ကဗျာဖြတ်သန်းမှု ၄နှစ်လောက်ရှိတဲ့ အခါ ကဗျာဘယ်လောက်စုမိလဲ။ ကိုယ်တိုင် ပြန်ဆန်းစစ်ကြည့်တော့ သိပ်လည်း များများစားစား မစုဆောင်းမိပြန်ဘူး။ နောက်ထပ် ကဗျာရေးဖြစ်ဦးမလားဆိုတဲ့ မေးခွန်းကလည်း နောက်ထပ် စိတ်အရေပြား ယားဦးမလား ဆိုတဲ့ မေးခွန်းနဲ့ အဆုံးသတ်တယ်။

အဲဒီတော့ ရှိသမျှ ကဗျာအားလုံးကို စုစည်းပြီး ရုပ်ရှင်လေးတစ်ခု ရိုက်လိုက်တယ် ဟောဒီရုပ်ရှင်ဟာ ပိတ်ကားပေါ်မှာ ကြည့်လို့ မရဘူး။ စာမျက်နှာတွေ တစ်ရွက်ခြင်း လှန်ပြီးကြည့်ရမယ့်"စကားလုံးရုပ်ရှင်" ...

စကားလုံးရုပ်ရှင် ဖြစ်ပေါ်လာဖို့ အတွက် မဂ္ဂဇင်းအချို့မှာ ပါဝင်ခဲ့တဲ့ ကဗျာအချို့ရယ်နောက် အွန်လိုင်းပေါ် ရေးဖြစ်ခဲ့တဲ့ ကဗျာအချို့ရယ် ဘယ်သူ့မှ မပြဖြစ်တဲ့ ကဗျာအချို့ရယ်ကို ပေါင်းစပ် ဖွဲ့စည်းလိုက်တယ်။

ဒီစာအုပ်ဟာ ကျနော် ဆန်းကျော်စွာဝင်းရဲ့

"ရေးသောလက် မရပ်မီ

ရပ်သောလက် မရေးမီ"

ကဗျာရှိခိုက် လုံ့လစိုက်ချင်တဲ့ သဘောပါ ...

နောက်နှစ် အနည်းငယ်များ အကြာမှာ ဆန်းကျော်စွာဝင်း ဆိုတာ ရှိချင်မှ ရှိနိုင်မယ် ရှိရင်လည်း ရှိနေနိုင်ပါတယ်။ ဘာဖြစ်ဖြစ် ကိုယ့်ကဗျာတွေကို တစ်နေရာထဲ စုဝေး ထားခဲ့ချင်တာကြောင့် ဟောဒီ "စကားလုံးရုပ်ရှင်"ကို ဖန်တီးရခြင်းပါ။

* * *

## ကျေးဇူးတင်လွှာ

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်း ထိုးနှက်ပေးခဲ့ကြသော အသည်းခွဲသူများအား လည်းကောင်း ...

စိတ်အကြည်ဓာတ်လေးများ ဖန်ဆင်းပေးသော လက်ရှိချစ်သူအား လည်းကောင်း ...

ကျနော့်ကဗျာရဲ့ ပင်တိုင်ဇာတ်ကောင် ဆရာမလေးများအား လည်းကောင်း ...

ကျနော့်ကဗျာ အနှံ့တာခံပြီး ဖတ်ပေးခဲ့တဲ့ အချစ်ဆုံးဘော်ဒါ ကဗျာဖတ်သူများအား လည်းကောင်း ...

ခေတ်နှင့်စနစ်ကို စုတ်ပြတ်အောင် အုပ်ချုပ်ပေးခဲ့ကြသော တာဝန်မရှိ လူကြီးမင်းများအား လည်းကောင်း...

ဘဝတစ်လျှောက်လုံး ပျော်ရွှင်ငိုရွှင့် မျှတအောင် စီစဉ်ပေးတဲ့ လောကဓံအား လည်းကောင်း ...

အရှုပ်ထုပ်လေးကို မွေးဖွားသန့်စင်ပေးတဲ့ မိသားစုအား လည်းကောင်း ...

အမိုက်ပုံးလေးကို ၂၆နှစ်တိတိ ထမ်းထားပေးတဲ့ ကမ္ဘာမြေအား လည်းကောင်း ... အစရှိသဖြင့်

ချစ်သော မချစ်သော

မုန်းသော မမုန်းသော

ကြည်ဖြူသော မကြည်ဖြူသော

လုံးစုံများ စွာ သတ္တဝါအားလုံးကို ကျေးဇူးတင်ပါတယ်။။

ဆန်းကျော်စွာဝင်း(၁၉၉၁-၂၀၁၇)

***

မိုင်တိုင်အမှတ် ၁၉၉၁မှ မိုင်တိုင်အမှတ် ၂၀၁၇ထိ ၂၆မိုင် တာဝေး အပြေးသမား

မိုင်တိုင်အမှတ် ၁၉၉၁ ...

ငါန်းဇွန်နယ်မြို့လေးရဲ့

ရေနံဂျီး(ချေး)ဝနေတဲ့ အိမ်ကြီးထဲ

"အူဝဲ ... အူဝဲ"ဆိုတဲ့ ငိုသံနဲ့

ပါးဖောင်းဖောင်း သတ္တဝါလေး မွေးဖွားခဲ့

နဝတ/နအဖေ

တိုင်းပြည်ချောက်ထဲကျဖို့ လက်နှစ်လုံးအလို

ဗိုလ်စောမောင် ပြုတ်တယ်

ဗိုလ်သန်းရွှေတက်တယ်

တစ်ဗိုလ်ပြုတ် တစ်ဗိုလ်တက်စနစ်မှာ

ခွပ်ဒေါင်း ခမောက် စပါးနှံ

ရဲရဲတောက် ပြားပြားမှောက် ... ပြည်သူတွေ

အဲဒီနှစ်မှာ

ဆိုဗီယက် ပြည်ထောင်စုကနေ

ဘီလာရုစ်နိုင်ငံ လွတ်လပ်ရေးရတယ် ...

အဲဒီနှစ်မှာ ပဲ

မြန်မာနိုင်ငံဟာ ကိုယ့်ကျွန်ဘဝ ပြန်ရောက်တယ်

ဆန်ဂိုဒေါင်မီးလောင်တဲ့ နှစ်မှာ ငါ့ကိုမွေးတယ်

(ကြံဖန်ပြီး ဂုဏ်ယူရမယ်)

ငါမွေးတဲ့ နှစ်မှာ ဒေါ်အောင်ဆန်းစုကြည်

နေအိမ်အကျယ်ချုပ် စကျတာပဲ ...

(ထပ်ပြီး ဂုဏ်ယူရဦးမယ်)

ငါမွေးတဲ့ နှစ်မှာ ဒေါ်အောင်ဆန်းစုကြည်

ငြိမ်းချမ်းရေး နိုဗယ်ဆု ရတာပဲ ...

ငါမမွေးခင် အရင်နှစ်က

ငါ့ဦးလေး ခေါင်းဖြတ်ခံရတယ် ...

လက်ဖက်ရည်ဆိုင် ထွက်သွားတဲ့ ငါ့အစ်ကို

အိမ်ပြန်မလာတော့ဘူး ...

ကားပြာပြာကြီး ရွာထဲ ဝင် လာပြီးနောက်

ငါ့အစ်ကိုဝမ်းကွဲတွေလည်း ရွာကိုပြန်မလာကြဘူး ...

မိုင်တိုင်အမှတ် ၁၉၉၂...ကနေ

မိုင်တိုင် ၁၉၉၈အထိ

ပုခက်အတွင်းကနေ မြေကြီးပေါ် ဆင်းတဲ့ အရွယ်

မရေမရာ ပိုးတဝါးပုံရိပ်တွေ

ကျော်ရစ်ကြည့်လိုက်တယ် ...

၁၉၉၉

ထွန်းအိန္ဒြာဗိုလ်ရဲ့

" နိုင်တီနိုင်းတီနိုင်း ... ကိုကိုရေ အတူနေချင်တယ်"

သီချင်းသံကို

တိတ်ခွေလေး ဘောပင်နဲ့ ရစ်ပြီး နားထောင်တတ်ပြီ ...

ဘာရှုနိုင်းဆီးဂိမ်းမှာ မြန်မာနိုင်ငံ ရွှေ၃ခုပဲ

ရတော့

အဖြူအမည်းTVလေးပေါ်မှာ အားမလို အားမရ

တောက်ခတ်သံတွေ ...

၃မိနစ် မန်ယူဟာ အဲဒီနှစ်မှာ ချန်ပီယံလိဂ် ရတယ်

သွေးမတော် သားမစပ်

အိုလေဂန်နာဆိုးများကို မြန်မာပြည်သူတွေ

ချစ်လိုက်ကြပုံများ

သမိုင်းသူ့ရဲကောင်းတစ်ဦးလို ...

၃တန်းကျောင်းသားလေးတစ်ယောက်လည်း

ဘက်ခမ်းကြောင့် မန်ယူကို ချစ်ခဲ့ရ

စွန်းဂူခုံးကြောင့် ကောင်းကင်ဘုံကို မုန်းခဲ့ရ ...

မိုင်တိုင် ၂၀၀၀ ... ( သို့မဟုတ်)

Y2k နှစ်များ ...

ဝါးသေနတ် ထန်းပလက် သေနတ်တွေနဲ့

သူသေကိုယ်သေ တိုက်ပွဲဝင်တဲ့ အရွယ်မှာ

ကော်သေနတ် ကိုင်တဲ့ ကောင် ဂေါင်ပဲ ...

ကော်ကျည်ဆံလေးတွေနဲ့ သီဟတင်စိုးဖြစ်ခဲ့ကြ

အမေ့ဖျင်တဘက် နဖူးမှာ စည်းလို့

နေထက်လင်းဖြစ်ခဲ့ရ ...

ရစ်ဘီးနဲ့ စွန်လွှတ်တဲ့ အကိုကြီးတွေကို

အားကျမိတဲ့ နှစ်များ ...

ပလတ်စတစ်စွန်လေးနဲ့

တိမ်တွေပေါ် ခိုစီးချင်တဲ့ လူမမည် စိတ်ကူးတွေ ...

မသေမသပ် စည်းဝိုင်းထဲက

အပေါက်ရာဗရပွနဲ့ ဂျင်လေးဟာ

ပျော်ရွှင်မှုတွေ ...

မုန့်ပုံးအဟောင်းကြီးထဲက

ဖန်ပေသီးနဲ့ သားရေကွင်း အရေတွက်ဟာ

သူငယ်ချင်းတွေကြား ခေါင်းမော့စေတဲ့ ဂုဏ်နေ ...

မိုးရေထဲ ဘောလုံးကန်ခွင့်က

နိဗ္ဗာန်ဖြစ်ပြီး

ကြောက်ချင်ယောင်ဆောင်ထားတဲ့

အမေ့ကြိမ်လုံးက ပျော်စရာ ငရဲဖြစ်တယ် ...

ငါတို့ က ပါဝါရိန်းဂျား အနီကောင်တွေ ...

မိုင်တိုင် ၂၀၁၁/၂၀၁၂ ...

ရွှေစာရံဘုရားပွဲက ဝါးနဲ့ လုပ်ထားတဲ့ ဓားလေးတွေဟာ

မယ်ခြောက်ဖုံကို နိမ်နှင်းဖို့ ဖြစ်ပြီး

ပိုးမင်းသားနဲ့ ကျင်းကိုကို ဖြစ်ချင်စိတ်ကြောင့်

အိပ်မက်ထဲအထိ သိုင်းကျင့်မိတယ် ...

လေးမွှန်ထွေးမွှန်ကို ချစ်ပြီး

မုဆိုးကျော်ကြီး ဦးတွတ်ပီကို သဘောကျတယ်

မိမန်းလေးနဲ့ ကိုထွန်းခင်ကို ညားစေချင်တယ်

အိမ်ရှေ့ကို ပန်းကန်ပြားပျံကြီး ပြုတ်ကျစေချင်တယ်

အီးတီဖြစ်ဖြစ် ဒိုရာဖြစ်ဖြစ်

တစ်ယောက်လောက် ပါလိုပါငြား...

ကျူရှင်ဆရာလေး ပြောပြောနေတဲ့

မောင်ချောနွယ် ဆုံးတယ် ...

( ဆရာလေး မျက်ရည်ဝဲလို့

မောင်ချောနွယ်ဆိုတာ ဆရာလေးအမျိုး ဖြစ်မယ်လို့

မှတ်သားဖူးတယ်)

ဘရာဇီးလ် ဗိုလ်စွဲတဲ့ ၂၀၀၂ ကမ္ဘာ့ဖလား ...

ရှစ်ပေစလောင်းရှိတဲ့ ဦးပြေသိမ်းတို့ အိမ်ကို

မနာလိုစိတ် ဖြစ်တတ်လာတယ် ...

ဘောလုံးပွဲ ကြည့်ချင်တိုင်း

သူ့ခြေသလုံး တုတ်တုတ်ကြီးကို

နှိပ်ပေးခိုင်းတဲ့ ဦးသိမ်းဟာ

အရင်းရှင်ဝါဒီလို့

ကြီးကြီးကျယ်ကျယ် အမည်တပ်ခဲ့ ...

၂၀၀၃/၂၀၀၄ / ၂၀၀၅ ... မိုင်များ

သီတဂူဆရာတော်ကြီးရဲ့

"ဇေကရာဇ်မင်းကြီး၏ ဘဝနိဂုံး"တရားကို

အမေက တိတ်တိတ်လေး ခိုးပြီးနာတယ် ... ..

တရားခွေဖွင့်လို့ ထောင်ကျမယ့် နှစ်များမှာ

TV/ သတင်းစာ/ဂျာနယ်တွေမှာ

ဦးခင်ညွန့် ဓာတ်ပုံတွေ ကြီးစိုးတယ် ...

ဒီပဲယင်း လူသတ်ပွဲကြီး ကျင်းပတဲ့ နှစ်မှာ

အရိုက်ခံရလို့ ရူးသွားတဲ့ ငါ့အစ်ကိုဟာ

(ငါတို့ နိုင်ငံလိုပဲ)

အခုထိ ပြန်မကောင်းတော့ဘူး ...

မိုင်တိုင် ၂၀၀၃

ဒိုးလုံး ဆုံးတယ်

သီချင်းတွေ ရှင်တယ် ...

လေးဖြူ၊ "လိပ်ပြာ "စီးရီးထွက်တယ်

မိုင်တိုင် ၂၀၀၄

ထူးအိမ်သင် ဆုံးတယ်

သီချင်းတွေ ရှင်တယ် ...

မင်းသုဝဏ်ဆုံးတယ်

ကဗျာတွေ ရှင်တယ် ...

Rock Rap punk နယ်မြေလုတိုက်ပွဲကြား

ဂီတအသုပ်စုံ စားခဲ့ရတဲ့ နှစ်များ ...

ဒွန်းရဲ့ ယောက်ဖရေ သီချင်းသံ ဖုံးလွှမ်းခဲ့တဲ့

ရပ်ကွက် ကာရာအိုကေ ညများ ...

အဲဒီနှစ်ကာလတွေမှာ

Acidရဲ့ စတင်ခြင်းကို ငါတို့ ချန်ထားခဲ့လို့ မရဘူး ...

မိုင်တိုင်၂၀၀၆/၂၀၀၇

ပုဆိုးတရွတ်တိုက်ဝတ်တဲ့

အထက်တန်းကျောင်းသားအရွယ်

Scholl ဖိနပ်နဲ့ JXD Mp4 ရှိရင်

အတန်းထဲမှာ ဆရာကြီး ...

ဂျဲလ်ထောင်ဆံပင်နဲ့ မောင်စိန်ဝင်း ကဗျာအလွတ်ရရင်

ကောင်မလေးတွေ အချဉ်ပေါင်းထုပ်

နှိုက်စားခွင့်ပါမစ် ရတယ် ...

Rapper ဦးထုပ် နောက်ပြန်ဆောင်းပြီး

စိုင်းစိုင်း ရဲလေး ဂျေမီ ဟန်ထူးလွင်

Virus ကိုက်တဲ့ လူငယ်နေ့စွဲများ ...

ဂိမ်းဆိုင်မှာ ကျောက်ချရပ်နားတဲ့ စာသင်ချိန်များ

မြန်မာ အင်္ဂလိပ် သင်္ချာ Physics Chemistry

P1 P2 ရေနံဘောလုံး ကားသခိုး

မေဂျာတွဲများ ...

၂၀၁၀မှာ ဆန်းကျော်စွာဝင်း တစ်ယောက်က

၁၀တန်း ၃ဘာသာ ဂုဏ်ထူးထွက်တယ် ...

၂၀၁၀ကစလို့ ဆန်းကျော်စွာဝင်း တစ်ယောက်က

၁၀တန်း ၃နှစ်ဖြေခဲ့ရ ...

၂၀၀၆ဟာ အထိအရှမျိုးများ နဲ့

ဒဏ်ရာတွေ နာကျင်ရတယ် ...

လူရည်ချွန် ဆန်းကျော်စွာဝင်းဟာ

၂၀၁၀မှာ ကွယ်လွန်ခဲ့ပြီး

ဂျစ်ပစီ ဆန်းကျော်စွာဝင်းဟာ

၂၀၀၆မှာ ကျောင်းထုတ်ခံခဲ့ရ ...

လောကဟာ အတန်းဖော် ချာတိတ်မလေးရဲ့

သွားတက်လောက် မဖြူစင် ...

၂၀၀၇ တာရာမင်းဝေဆုံးတော့

နှမြောတတ်ပြီ ...

လီယောင် လီပြောင်ဟွန်းကစလို့

ကိုရီးယားယဉ်ကျေးမှု စိမ့်ဝင်လာတဲ့ အခါ

ငါတို့ ဟာ

နေပူပူမှာ ကုတ်အင်္ကျီဝတ်တတ်လာ ...

စေတန်ရဲ့ ဖိနပ်အောက်က

၂၀၀၈ မိုင်တိုင် ...

နာဂစ်မုန်တိုင်း ရက်ရက်စက်စက် တိုက်ခတ်တဲ့

နာနာကျင်ကျင် နေ့စွဲများ

သစ်ပင်တွေနဲ့ အတူ လဲပြိုသွားတဲ့ ဘဝများ ...

၂၀၀၈တုန်းက

ငါတို့ လမ်းထိပ်မှာ ပိုက်ကျော်ခြင်း ကွင်းလေးရှိတယ်

ရပ်ကွက်ထဲမှာ စာအုပ်ဆိုင်တွေ အပြိုင်အဆိုင်

၂၀၀၈တုန်းက

လက်ဖက်ရည်ဆိုင်မှာ

မန့်ယူနဲ့ အာဆင်နယ်

ဆူညံ့ အော်ဟစ် ငြင်းခုံရတာ အရသာ ...

သူ့ကိုယ်သူ Rapper လိုလို ဘာလိုလို

ငါ့ကိုယ်ငါ Rocker လိုလို ဘာလိုလို ...

၂၀၀၈တုန်းက

COC မသိ facebook မရှိ

အဖြူ အမဲ ပဋိပက္ခ မရှိ...

၂၀၀၈တုန်းက

ဒုက္ခသည် စခန်းတွေ ဒီလောက်မများ သလို

စစ်သင်္ချိုင်းတွေ ဒီလိုမကျယ်ဘူး

၂၀၀၈ တုန်းက

လယ်တီသိမ်ဟာ ထည်ဝါသလို

ဖားကန့်ဟာ တွင်းနက်ကြီး မဟုတ်ဘူး

၂၀၀၈တုန်းက

လမ်းတွေဟာ လုံခြုံပြီး

လူတွေဟာ အေးချမ်းတယ်

၂၀၀၈တုန်းက

ကုန်စျေးနှုန်း ဒီလောက်မများ သလို

အလုပ်အကိုင် ဒီလိုမရှားဘူး

၂၀၀၈တုန်းက

ဘာမှန်းမသိတဲ့ ၂၀၀၈ စာအုပ်အစိမ်းကြီးကို

အမှန်မချစ်ပေမယ့် အမှန်ခြစ်ခဲ့ရ ...

မိုင်တိုင်၂၀၀၉ / ၂၀၁၀ ...

နေကြတ်တယ်

မင်းပြောင်း မင်းလွဲဖြစ်မယ်လို့ အဖေပြောတဲ့ အတိုင်း

နိုင်ငံတော်ဟာ

ယူနီဖောင်း အပြောင်းအလဲ ဖြစ်ခဲ့တယ် ...

နေကြတ်တယ်

"အရိပ်တွေဟာ ဒေါင်းပုံပေါ်လို့

ခွပ်ဒေါင်းတွေ နိုင်ငံတော်ကို အုပ်ချုပ်ပါစေ"

အဲလိုဆုတောင်းတဲ့ ငါ့အစ်ကိုလည်း

၂၀၁၀မှာ မဲမထည့်ဘူး ...

မဲပုံးအပေါက်ကြီးနဲ့ ကံစမ်းခွင့်ရတဲ့ ပြည်သူတွေ

တစ်ဦးထဲ ပြိုင်တဲ့ ပွဲမှာ

လွတ်လွတ်ကျွတ်ကျွတ် ချန်ပီယံဖြစ်သွားတဲ့

ခြသေ့်ကြီး

နိုင်ငံတော် ပိုက်ဆံဟာ

တိရစ္ဆာန်ပုံ ဖြစ်သွား ...

မန္တလေးGTC တမာတန်း လမ်းမကြီးပေါ်

ဖြတ်လျှောက်ရတဲ့ နေ့ရက်များ

ဦးပိန်တံတားပေါ်မှာ မော်ဒန်ကဗျာကို

အံတကြိတ်ကြိတ် မော့သောက်ခဲ့တဲ့

တက္ကသိုလ်ကျောင်းသားဘဝ ...

မမှားသောရှေ့နေ

မသမာ ဆေးသမား

အိမ်က မထွက်ဖူးတဲ့ လူငယ်" မရှိဘူးကွဆိုပြီး

လမ်းတွေအားကိုးနဲ့ အိမ်ကို ခြေစုံကန်မိသူ ...

၂၀၁၁/၂၀၁၂

မဂ္ဂဇင်းထဲက ကဗျာစာမျက်နှာတွေကို

အသည်းအသန် ရှာဖတ်ခဲ့

စာရွက်တွေ ဆုတ်ဖြဲယူရဲတဲ့ အတ္တဟာ

အခုချိန် ပြန်တွေးရင် သိမ်ငယ်စရာ ...

သိမ်းစွန်ငှက်တို့ အပြန်လမ်းကြောင့်

မျက်ရည်ဝဲခဲ့ရ ...

ဂန္ဓဝင် မမကြောင့် မမဝေဒနာ စွဲကပ်ရ ...

ငါ့တက္ကသိုလ်ကျောင်းသားဘဝမှာ

ညီမလေး မမမြင့်တွေ အများကြီး ရှိခဲ့တယ် ...

ဘဝမှာ ကိုယ်က အသည်းခွဲပစ်တာ

၈ယောက် ...

ကိုယ့်ကို အသည်းခွဲသွားတာ

၄ယောက်နဲ့ တစ်ပိုင်း ...

အဲဒီလို နာကျင်မှုတွေထဲ

တမင်တကာ အသည်းကွဲခံရင်း

ငါက ပါဝါရိန်းဂျား အနီကောင် မဖြစ်ချင်တော့ဘူး

ငါက စွန်းဂူခုန်း မဖြစ်ချင်တော့ဘူး

(စိတ်ကူးထဲမှာ )

ငါဟာ ထွဏ်းသွေးအိမ် ဖြစ်ခဲ့တယ်

ငါဟာ မောင်သိန်းဇော် ဖြစ်ခဲ့တယ်

မိုင်တိုင်၂၀၁၃ ဟာ အကောင်းကြိုက်လွန်းရဲ့

မင်းလူနဲ့ ဒဂုန်တာရာကို ဝါးမျိုပစ်ခဲ့ ...

မိုင်တိုင် ၂၀၁၃ဟာ ယုတ်မာလွန်းရဲ့

ပဋိပက္ခနွံထဲ ပြည်သူကို ဖိနှစ်ပစ်ခဲ့ ...

လယ်မြေသိမ်းမှု ပြဿနာများ

ဆန္ဒထုတ်ဖော်မှုများ

ဘာသာရေး ပဋိပက္ခ အကြမ်းဖက်မှုများ

အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအကြား

ထိရှလွယ် ပွတ်တိုက်မှုများ ...

လက်သည်းဆိတ်တဲ့ အခါ

လက်ထိပ်တွေ တဖျတ်ဖျတ်ခါ...နာခဲ့ရတယ်

ဘုရားမတူလို့ ဖြစ်တဲ့ ရန်ပွဲတွေကို

ဘယ်ဘုရားမှ ဖျန်ဖြေလို့ မရဘူး ...

လွတ်လပ်စွာ ကိုးကွယ်ခွင့်ဆိုတာ

ရက်စက်စွာ သတ်ဖြတ်ယူလို့ မရဘူး ...

စည်းရိုးထိုးတဲ့ အရိုးတွေကို ချိုး

ကာလုံနားရွက် တံတွေးဆွတ်ခံရပေမယ့်

စူပါမန်းတွေဟာ လက်ညှိုးတွေ လွှဲ ... ငြင်းခုံကြဆဲ

လက်နက်ကိုင်ကျွဲတွေ ခတ်တဲ့ ကြား

ပြည်သူဟာ မြေစာပင်ဖြစ်ခဲ့ရ ...

ခရူးဆိတ်လို စစ်ပွဲတွေ

သမိုင်းစာအုပ်ထဲ ထပ်မပါစေချင်တော့ဘူး ...

၂၀၁၄ / ၂၀၁၅ မိုင်တိုင်များ

ရွေးကောက်ပွဲ တောင်ပြိုကမ်းပြိုနိုင်တယ်

မိုး ဆည်ပြိုကမ်းပြို ရွာတယ်

မဂ္ဂဇင်း စာမျက်နှာထက်

ကိုယ့်နာမည်ကို မြင်ရတဲ့ အခိုက်တန့်

ပန်းတွေအားလုံး တစ်ချိန်ထဲ ပွင့်တယ် ...

အဖေက ပြုံးတယ်

အမေက ပျော်တယ်

ငါက ပြုံးပြုံးပျော်ပျော်ကြီးဖြစ်လို့ ...

ကဗျာလမ်းဆုံးမှာ ပန်းခင်းကြီး ရှိမယ်အထင်နဲ့

ငါပြေးတယ် ...

ကဗျာပင်လယ်မှာ မေခလာရှိမယ် အထင်နဲ့

ငါကူးတယ် ...

(အံ့သြစရာပဲ)

ပြေးလမ်းပေါ်ခြေထိုးခံတဲ့ ငရမန်ကန်းများ

ဓားအလွတ်ကိုင်ထားတဲ့ ဘရူးတပ်များ

အုပ်စုဖွဲ့ အနိုင်ကျင့်တဲ့ ကဗျာဂိုဏ်းစတားတွေ ...

(ငါ့မှာ ) ကဗျာကို ချစ်သလောက်

အချို့ ကဗျာလောကကို ရှုံ့ခဲ့ရ ... ရှုံ့ခဲ့ရ

မိုင်တိုင် ၂၀၁၆

တစ်ကောင်ထဲ

ဒါပေမဲ့ ... ကြွက်

ဟုတ်တယ်

ကြွက်တစ်ကောင်လို ထောင်ချောက်တွေကို ရှောင်ရင်း

ဒိန်ခဲမုန့်သမျှ မစားရဲတော့ဘူး ...

အဆိပ်တွေ သုတ်ထားတဲ့ ဆီဦးထောပတ်များ

ငါမစားမိတော့ဘူး ...

ကမ္ဘာမပတ်နိုင်လို့ ကဗျာဖတ်ရင်း

အချစ်ကိုပါ ပွေ့ဖက်ပြီးတဲ့ နောက်

လောကအပေါ် လောဘနည်းတတ်လာတယ် ...

သန်းခြောက်ဆယ်ရင်ကို ဗဟိုပြုပြီး ပုဂံလျှောင်လှုပ်တယ်

ကမ္ဘာမြေကို မကယ်တင်နိုင်လို့

အမေ့ခေါင်းပေါ်က ဈေးဗန်းလေး

ကူဆွဲပေးဖြစ်တယ် ...

မိုင်တိုင် ၂၀၁၇ ...

နောက်ထပ် မိုင်တိုင် တစ်ခုထိ

ငါ ရှိဖို့ မသေချာသလို

မိုင်တိုင်တွေ ကိုယ်တိုင်လည်း ရှိဖို့ မသေချာဘူး ...

မြူလေး တစ်မှုံ လွင့်ပါးမသွားခင်

သဲလေး တစ်ပွင့် ပျောက်ကွယ်မသွားခင်

အုတ်ခဲ တစ်ချပ် မကျိုးပဲ့ခင်

ကမ္ဘာပေါ်မှာ ကဗျာတွေ ထားခဲ့ချင်တယ် ...

ကိုယ့်စိတ်အရေပြားယားလို့ ရေးဖြစ်တဲ့ ကဗျာတွေကို

အခြားသူတွေရဲ့ စိတ်အကြောထဲ

ထိုးသွင်းပေးခဲ့ချင်တယ် ...

ဒီလိုနဲ့

ခင်ဗျားတို့ စိတ်နှုတ်ခမ်းမှာ

ကျနော့် ကဗျာစီးကရက်လေး မီးညှိပေးလိုက်တယ်

အဆုတ်နာမှာ မကြောက်ရင်

ကဗျာငွေ့တွေ ရဲရဲရှိုက်လိုက်ပါ ...။

**ဆန်းကျော်စွာဝင်း(၁၉၉၁- ၂၀၁၇)**

***

ငယ်ဖော်

ရုပ်ရှင်လက်မှတ် အဟောင်းလေးကြည့်ရင်း
အလွမ်းအသစ်တွေ လတ်လတ်ဆတ်ဆတ် ခုန်ထွက်လာ ...
ငယ်ချစ်ဦးတဲ့
ကိုယ့်မှာ အဖြူအစိမ်းဝတ် ကျောင်းသားလေးတွေ မြင်တိုင်း
ဖျတ်ခနဲ ငေးငိုင်မိတုန်း။

ဘယ်လို သတ်သတ် မသေတဲ့ ထဲမှာ
ချစ်ဦးပုံပြင်တွေလည်း ပါမယ်။
နင့်အကြောင်းတွေးတိုင်း
ဖွဖွလေး ပြုံးမိတာ (အမြတ်တနိုးပေ့ါဟာ)

ငါသိမ်းထားတဲ့ စွယ်တော်ရွက်ခြမ်းလေး မရှိတော့ဘူး
ဗလာစာရွက်ပေါ်မှာ ကြယ်ရောင်စုံကပ်ခွာနဲ့ ရေးဖူးတဲ့
နင့်နာမည်လေး

စာသင်ခုံပေါ်က ထောက်ချွန်နဲ့ ခြစ်ထားတဲ့ နှင့်နာမည်လေး

မရှိတော့ဘူး ... မရှိတော့ပါဘူး။

နှင်လည်း ငါ့လိုပဲ ဖြစ်မှာ ပါ

ဒြပ်ရှိ အမှတ်တရတွေသာ မရှိတော့တာ

ဒြပ်မဲ့တဲ့ စိတ်က အလွမ်းထုထည် ကြီးမားတုန်း။

ယင်းမာဖိနပ် အဖြူလေးမှာ ခြေဖမိုး ဖြူဖြူလေးမြင်တိုင်း

ပြေးပြေးသွားတဲ့ ငါ့စိတ်ဟာ

စတိတ်ကျောင်းခန်းထဲက နှင့်ချည်တိုင်လေးပါ။

နှင်မှတ်မိမလား

ငါ့ရဲ့ ပြိုင်စက်ဘီး အနီလေး

အခုထိ ရှိတုန်းပဲ။

သူငယ်ချင်းတွေက မေးတယ်

"အရင်လို ၈မိုင် ၉မိုင် စက်ဘီးနင်း နိုင်ဦးမလား"တဲ့ ...

စူဖြိုးနေတဲ့ ဗိုက်တွေပုတ်ပြ

အချင်းချင်းမေးကြ/ ရယ်မောကြ။

"နင် ပါရင် ဖြစ်တယ်"

ငါ့စကားကြောင့် ရယ်သံတွေ ပိုညံ့ခဲ့

အဲဒီလိုဖြေတဲ့ ငါ့အသံမှာ

နှုတ်ခမ်းတွေ တုန်နေတာ သူတို့ မသိခဲ့။

သတိရပါတယ်

တစ်ခါ တစ်ခါပေါ့

စိုင်းစိုင်းခမ်းလှိုင်ကို ငါမကြိုက်ပေမယ့်

သူ့အခွေထွက်တိုင်း ဝယ်ဖြစ်တယ်

(တစ်ချိန်ချိန်မှာ တစ်စုံတစ်ယောက်ကို ပေးခွင့်ရမလား

မျှော်လင့်ချက်နဲ့ )

သက်မွန်မြင့် အိမ်ထောင်ကျတဲ့ သတင်းဖတ်ရင်း

နင်ရော ... ဆိုတဲ့ အတွေး

ငါဆွေးသွားတယ်။

မှတ်မှတ်ရရပါပဲ

ရှူးရှူးမူးမူးပေါ့ ...

"ခေါင်းလောင်းသံတိတ် ကျောင်းတွေပိတ်ပြီ

မတော်တဆ လမ်းမှာ တွေ့ရင်

မှတ်မိသူက စခေါ်ကြေး"

ဒီကဗျာလေး ငါ့စာအုပ်ထဲ နင်ရေးပေးတဲ့ နေ့

တစ်ယောက်မျက်နှာ တစ်ယောက် နှုတ်ခမ်းနီတွေ သုတ်တဲ့ နေ့

နွေခေါင်ခေါင်ကြီး ရေတွေပက်ကြ/ပွေ့ဖတ်ကြနဲ့

နင့်အနားကို တိုးပြီး ရိုးရိုးလေး (တိုးတိုးလေးဆိုမှ တိုးတိုးလေး)

"ဘယ်အချိန်တွေ့တွေ့ စခေါ်မှာ ငါပါ

အချစ်ဆိုတာ သိပ်မှတ်ဉာဏ်ကောင်းတဲ့ အရာ"

ငါ့ဖက်ကသာ တိုးတယ်ထင်တာ

ငှက်ကလေးခမျာ လန့်ဖျပ်ပျံကြ

လှောင်တာလား ရယ်တာလား မသိပေမယ့် တကျည်ကျည် အော်နေကြ

နင့်လက်ကိုင်ပဝါလေး ကြွေပေးရ

ငါ့ကျောပြင်လေး နာခဲ့ရ။

စိတ်ဟာ အလင်းထက် မြန်တာသေချာခဲ့ရင်

နင့်မွေးပွ လွယ်အိတ်အဖြူလေးကနေ နင်မက်တဲ့ အိပ်မက်အထိ

ငါ့စိတ်က အရိပ်လို ကပ်နေမှာ နင် မငြိုငြင်ပါနဲ့ ဟာ။

အစွဲအလမ်းကြီးတဲ့ ကောင်ပါ

အခုထိ နှင်းဆီပွင့်ဖတ်ပေါ် ကဗျာရေးတတ်တုန်း

အခုထိ စက္ကူကြယ်လေးတွေ ခေါက်သိမ်းတုန်း

အခုထိ လူကြုံလို့ စကားကြုံရင်

နင့်နာမည် တဖွဖွ ရွတ်မိတုန်း။

"နင်နဲ့ ဝေးရင် သေမှာ "

အဲဒါ အလကားပြောတာ

၁၀နှစ်သာကြာတယ် အခုထိ ငါအသက်ရှင်တုန်း

တစ်ခါတစ်ခါတော့ လွမ်းတဲ့ စိတ်နဲ့ အသက်ရှူကျပ်တာကလွဲရင်

ငါ့ကျန်းမာရေး အကောင်းတိုင်းပဲ။

အသက်တွေက ကြီး လာပြီ

အရင်လို TV ဂိမ်း မဆော့တော့ဘူး

မိုးရွာထဲ ဘောလုံးမကန်တော့ဘူး

ပုဆိုးတရွတ်ဆွဲ မဝတ်ရဲတော့ဘူး

သနပ်ခါးဘဲကြား မလိမ်းဖြစ်တော့ဘူး။

နင်ရော

တစ်ခုခု အလိုမကျရင် နှုတ်ခမ်းစူဖြစ်သေးလား

နေကြာစေ့တွေ စားတုန်းပဲလား

လမ်းလျှောက်ရင် ခေါင်းလေးငုံ့ထားသလား
ငါမသိပေမယ့် ငါကြည့်ချင်လိုက်တာ။

ခက်တယ်
သီတင်းကျွတ်ပြီ
လူပျိုကြီး တစ်ယောက်တည်းလားလို့ မေးတိုင်း
ဖျတ်ခနဲ နင့်ကို ပြေးမြင်မိတာ ခက်တယ်
တကယ်ဆို သူတို့ တွေ ရယ်မောကြတာ
နင့် အပြစ်မကင်းတာ သေချာ။

အများကြီး မတောင်းဆိုပါဘူး
သံသရာပါမယ့် အကြွေး မဖြစ်ချင်တဲ့ စိတ်နဲ့
နင့်ကို လိုက်ရှာတယ်။
နင့်ဆီက ချေးဖူးတဲ့ ငွေ ၂၀၀ရယ်
ဘောပင် အဟောင်းလေးရယ်
နင်မသိအောင် ခိုးယူထားတဲ့ ဆံညှပ်ကလစ်လေးရယ်
အခုဘဝမှာ တောင် သေလုအောင် လွမ်းတာ
ဘယ်ချစ်ခြင်းမှ သံသရာထိ မယူပါရစေနဲ့ ။

အယ်ကိုဟောဆိုတာ အလွမ်းနဲ့ တည့်တဲ့ အရာ

အလွမ်းတွေ တစ်စက်ပြီး တစ်စက်

ခွက်တွေ တစ်ခွက်ပြီးတစ်ခွက်

မရပါဘူးကွာ

ဝန်နဲ့ အား မမျှတော့လည်း ဝေးခဲ့ကြ

ဝေးကွာခြင်း ပြဇာတ်ထဲ နင့်ကိုလွမ်းတယ်။

ဒီလိုနဲ့ နင့်ကိုလွမ်းတယ်

ဒီအချိန်ဆို နင်ရော ငါ့ကိုလွမ်းပါ့မလား

ဒီအချိန်ဆို နင်ရော ငါ့လိုလွမ်းဖြစ်ပါ့မလား

မသေချာပါဘူး ငယ်ချစ်ဦးရယ်။

**ဆန်းကျော်စွာဝင်း**

***

ခင်ဘုန်းမြင့်

ဘဝမှာ Back Gear ပါရင်

ဆယ်စုနှစ် တစ်ခုလောက် ပြန်သွားချင်တယ် ...

ကြက်တောင်စည်းလေးနဲ့ ခင်ဘုန်းမြင့်

ပါးကွက်ကြားလေးနဲ့ ခင်ဘုန်းမြင့်

ဖီးဆင့်စက်ဘီးလေးနဲ့ ခင်ဘုန်းမြင့်

ချစ်ရပါသော သူငယ်ချင်း မခင်ဘုန်းမြင့်...

အတိတ်ကို စိတ်စက်ပေါ်တင် ရစ်ကြည့်တော့

သစ်ရွက်လှုပ်တာကြည့်ရင်း

ပြိုင်တူရယ်မိတဲ့ အရွယ်တုန်းက ...

ဖီးဆင့်စက်ဘီးတစ်စီးနဲ့

ဝက်သားတုတ်ထိုး ပတ်စားတုန်းက ...

ထီးလေးတစ်ချောင်းအောက်

မရှာတဲ့ မိုးတွေ ခိုတုန်းက ...

ဟိုအရင်တုန်းက

တစ်ခါတုန်းက ...

"ငါ သွားပေါက်ကာစအရွယ်မှာ

မကိုက်ပဲငိုမိတဲ့ ပန်းသီးလေးတစ်လုံး ရှိဖူးတယ်"

PCO ဖုန်းလေးလွမ်းတယ်

ခေါက်ထီးလေး လွမ်းတယ်

Schollဖိနပ်နဲ့ ပုဆိုးတစ်ရွတ်တိုက် ဝတ်ချိန်တွေ လွမ်းတယ်

ချစ်ရပါသော ခင်ဘုန်းမြင့်ကို လွမ်းတယ် ...

ဆရာမကြီးလုပ်ချင်တဲ့ ခင်ဘုန်းမြင့်

တမင်တကာ စာမရတဲ့ ငါ

ဘောလ်ပင်နဲ့ နဖူးပေါက်တာလေး လွမ်းတယ်

သင်္ချာတွက်တတ်ရုံနဲ့ အတန်းပိုင် ဆရာမဖြစ်ပြီထင်တဲ့ ခင်ဘုန်းမြင့်

(အခုလို လောကသင်ရိုးထဲ

ရှင်းပြသူမရှိတဲ့ ပုစ္ဆာတွေကြုံတော့

နင့်ကို လွမ်းတယ် ... )

သူနာပြုကြီး လုပ်ချင်တဲ့ ခင်ဘုန်းမြင့်

ခဏခဏ ဒဏ်ရာရတဲ့ ငါ

ဟန်ဆာပလတ်ကပ်ပေးရင်း စူပုပ်နေတဲ့ နှုတ်ခမ်းလေးလွမ်းတယ်

ပတ်တီးစည်းပေးတတ်ရုံနဲ့ နိုက်တင်ဂေးဖြစ်ပြီထင်တဲ့ ခင်ဘုန်းမြင့်

( အဲ့ဒဏ်ရာတွေဟာ အခုလိုနှစ်ရှည်လများ အနာတရဖြစ်မယ်လို့ ငါ ဘယ်သိမှာ လဲ)

စီးကရက် စမ်းသပ်ခါစအရွယ်

အချစ်ကို မြည်းစမ်းခါစအရွယ်

နံရံကိုလက်သီးနဲ့ ထိုးတာ ရိုမန်တစ်ဖြစ်မယ် ထင်တဲ့ အရွယ်

ခင်ဘုန်းမြင့် စက်ဘီး နင်းခွင့်ရရင် ဂေါင်ပဲ

ခင်ဘုန်းမြင့် ထမင်းချိုင့် ဖွင့်ခွင့်ရရင် ဂေါင်ပဲ

အဲလို အရေးမပါတဲ့ အရာတွေနဲ့

ငါက စူပါဟီးရိုးဖြစ်ခဲ့တာ ...

GTC ရောက်သွားတဲ့ ခင်ဘုန်းမြင့်

ရတနာပုံရောက်သွားတဲ့ ငါ

မြို့တောင်ဖျားနဲ့ မြို့မြောက်ဖျားဆိုပေမယ့်

မဆုံနိုင်အောင်ကြားခဲ့တာ ...

မြို့ကြီးဟာ စကြဝဠာတံတိုင်းပဲ

GTCကို အလည်လာပေမယ့်

တမာတန်းနဲ့ လမ်းကလေးဟာ

ယူနီဖောင်းမပါတဲ့ ငါ့ကို တားတယ်

Mr.tech ဆိုင်လေးမှာ မလာတဲ့ နင့်ကိုမျှော်ဘူးတယ်

၈၁ ကဖေးနဲ့ စိန်နဂါးအဆောင်ကြီးက ငါ့ကိုနှင်ထုတ်တယ်

ဒီလိုနဲ့ မဆုံနိုင်အောင် ကြားခဲ့ကြ ...

တစ်မြို့ထဲနေပြီး ၂၄နာရီလုံး လွမ်းရတဲ့ အဖြစ်ဟာ

ဘယ်ငရဲလဲ ...

ဘုရားစင်ပေါ်က စုဘူးလေးရယ်

ခေါင်းအုံးအောက်က ထီလက်မှတ်လေးရယ်

ညနေတိုင်း

စိတ်ကို အတောင်တပ်ပြီး နင်ရှိရာပျံဖြစ်တယ် ...

"မျှော်လင့်ချက်ဆိုတာ စုဘူးလိုပဲ

အချိန်မတန်ခင် ခွဲရတာများ တယ်"

ကွဲသွားတဲ့ အပိုင်းစတွေမှာ အနာဂတ်လေး ပါတယ် ...

ခင်ဘုန်းမြင့် ...

နည်းပညာတက္ကသိုလ်ကျောင်းသူကြီး

မေဂျာကွင်းဖြစ်သလို သူ့ဘဲကိုလည်း အရမ်းချစ်သတဲ့

နင့်ဂုဏ်သတင်းတွေ ငါ့နားထဲ မီးတောင်ကွဲတယ်

ခင်ဘုန်းမြင့် BE တက်တဲ့ နှစ်မှာ

ငါလည်း BE တွေ သောက်တတ်လာတယ် ...

ငါအသည်းဆေးရုံတက်တဲ့ နှစ်မှာ

ခင်ဘုန်းမြင့်လည်း Ph.D တက်တယ် ...

(ဆရာဝန်ဆေးစာမှာ

အသည်းဆေးတွေ သောက်ရတာ အရက်ကြောင့်တဲ့

နင့်ဘက်ကို လက်ညှိုးမညွှန်ရက်ခဲ့)

ငါအိမ်ပေါ်က ဆင်းတဲ့ နေ့

နင်လည်း အိမ်ပေါ်ကဆင်းပြီး

ဟိုကောင့်အိမ် လိုက်နေတယ်

ခင်ဘုန်းမြင့် ဘဝသစ်ထူထောင်ချိန်

ငါ့မှာ တော့ လက်ရှိဘဝ အစုတ်ပြတ်လေးကို ဖာထေးခဲ့ရ

မြားနတ်မောင် ပေ့ါဆလွန်းရဲ့

လက်ထပ်ဖိတ်စာလေးမှာ သတို့ သားဟာ ငါမဖြစ်ခဲ့ဘူး

မြားနတ်မောင် တိကျလွန်းရဲ့

လက်ထပ်ဖိတ်စာလေးမှာ သတို့ သမီးဟာ နင်ဖြစ်နေတယ်

မြားနတ်မောင်လည်း အသပြာကြိုက်တယ်

မျက်နှာကြီးရာ မြားဖတ်ပါခဲ့ ...

"အချိန်ကြာရင် အရာရာ နေသားကျသွားမှာ "တဲ့

မှန်တယ် ခင်ဘုန်းမြင့်ရဲ့

အခုဆို

ဓာတ်ပုံနဲ့ လည်း စကားပြောတတ်ပြီ

လူမရှိတဲ့ လမ်းထဲ ဖြတ်လျှောက်တတ်ပြီ

(တစ်ယောက်ထဲ ဝက်သားတုတ်ထိုး နှစ်ပွဲစားရတာလည်း ငရဲ )

ယိုင်နဲ့ ခဲ့တယ်

ပြိုလဲခဲ့တယ်

နယ်မြို့လေးက ထွက်ပြေးခဲ့တယ်

( အနီးကပ် တွေ့ဖြုတ်ခံရတဲ့ အသည်း မကွဲပဲ ဘယ်နေမလဲ)

ဝေ့လာတဲ့ မျက်ရည်ကြောင့် စိတ်စက်ကို ခဏပိတ်မိတယ်

ဒါဟာ မျက်ရည်အတုနဲ့ ငိုတဲ့ အကယ်ဒမီမှ မဟုတ်တာ

ငါမကိုက်ရက်တဲ့ ပန်းသီးလေးခမျာ အခြားသူ ပါးစပ်ထဲမှာ

အရည်ရွှမ်းလွန်းရဲ့ ...

ပညာတတ်ကြီး ခင်ဘုန်းမြင့်

ကွန္ဒြေရှင်ကြီး ခင်ဘုန်းမြင့်

နှစ်သားမွေးပြီး နှစ်သွေးလှတဲ့ မမခင်ဘုန်းမြင့်

နင့်စက်ဘီးကို နင်းခွင့်ရရုံ

နင့်ထမင်းချိုင့် စားခွင့်ရရုံ
အဲလို အရေးမပါတဲ့ အရာတွေနဲ့
စူပါဟီးရိုး ဖြစ်ခဲ့တဲ့ ကောင်ဟာ
နင့်အိမ်ဦးနတ် မဖြစ်ခဲ့ဘူး ...

ဘဝဟာ ဘွဲ့တွေနဲ့ တည်ဆောက်ထားမှန်း
ငါမသိရိုး အမှန်ပါ ...
ငါ့သိမှု နယ်ပယ်အကျဉ်းလေးမှာ
ကြက်တောင်စည်းလေး ကိုင်ခွင့်ရရုံ
ပါးကွက်ကြားလေး ငေးခွင့်ရရုံနဲ့
သေတစ်ပန် သက်ဆုံးအထိ စိတ်ကူးယဉ်ပစ်တာ ...

နေလည်း ညိုပြီ ခင်ဘုန်းမြင့် ...
ပျို့လာတဲ့ စိတ်ကို တစ်ခုခုနဲ့ မျှောချရဦးမယ်
အယ်ကိုဟောမှာ အဆင့်တန်း မခွဲခြားဘူး
သူတောင်းစားကနေ သမ္မတအထိ
သောက်ရင်မူးမယ်ဆိုတဲ့ တန်းတူညီမျှ ဝါဒဖြူစင်တယ်

အလွမ်းဟာ ဘယ်တော့မှ ဆီမခန်းတဲ့ အင်ဂျင်ပဲ

နေ့စဉ်နဲ့ အမှျ ငရဲတွေယူခဲ့ရ

ငါမဟုတ်တဲ့ ကောင်ကြောင့် ငါ့မျက်လုံးနဲ့ ငါ ငိုခဲ့ရ ...

သံသရာမှာ ဆုံချင်ဆုံပါစေ

လမ်းကျဉ်းလေးထဲ ထိပ်တိုက် မတွေ့ပါရစေနဲ့ ...

အပြုံးနဲ့ ထိုးတဲ့ ဓားတွေ မရှောင်နိုင်ဘူး

အကြည့်နဲ့ ထိုးတဲ့ ဓားတွေ မရှောင်နိုင်ဘူး

သံသရာမှာ ဆုံချင်ဆုံပါစေ

လမ်းကျဉ်းလေးထဲ ထိပ်တိုက် မတွေ့ပါရစေနဲ့

လမ်းမှာ တွေ့ရင် ကြည့်တဲ့ အကြည့်တွေ မကြိုက်ဘူး

ငါလူမိုက် မဟုတ်ဘူး ခင်ဘုန်းမြင့်

ငါလူမိုက်ဆို နင့်ကောင်ကို ရိုက်မယ်

ငါလူမိုက်ဆို နင့်ကားရှေ့ ဝပ်လျှားမှောက်မယ်

ငါသာ လူမိုက်ဖြစ်ခဲ့ရင် နင့်အိမ်ရှေ့လာမှာ ပေါ့

အခုက…

ငါ့ဟာ ငါ ဆိုင်ကျဉ်းလေးရဲ့ ချောင်တစ်ချောင်မှာ

အသေကောင်လို ခွေနေတာ

ငါလူလိမ္မာပါ ခင်ဘုန်းမြင့်ရဲ့ ...

နေလည်း ညိုပြီ ခင်ဘုန်းမြင့် ...

ပျို့လာတဲ့ စိတ်ကို တစ်ခုခုနဲ့ မျှော်ချရဦးမယ်

ကြက်တောင်စည်းလေးနဲ့ ခင်ဘုန်းမြင့်ကိုတွေ့ဖို့

ပါးကွက်ကြားလေးနဲ့ ခင်ဘုန်းမြင့်ကို မြင်ဖို့

ဖိးဆင့်စက်ဘီးလေးနဲ့ ခင်ဘုန်းမြင့်ဆီ အရောက်သွားဖို့

ချစ်ရပါသော သူငယ်ချင်း ခင်ဘုန်းမြင့်ရေ ...

ဒီတစ်ခွက်ပြီးရင်တော့ အတိတ်ကို ငါပြန်ရောက်ပြီလေ

အတိတ်မှာ နင်ကငါ့ကို သိပ်ခင်တွယ်တာ

ဒါကြောင့်

အတိတ်ဆီရောက်ဖို့

အယ်ကိုဟောနဲ့ စုန်ကူးတော့မယ်

ကြိုနေပေဦး ခင်ဘုန်းမြင့်ရေ။

**ဆန်းကျော်စွာဝင်း**

***